# သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)

## ဒီမိုကရေစီ အရပ်သားအစိုးရထံမှ မြန်မာ့တပ်မတော်က အာဏာသိမ်းယူခြင်းနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာချက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်

၁။ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့၊ နံနက်ပိုင်းတွင် မြန်မာ့တပ်မတော်က ဒီမိုကရေစီ အရပ်သား အစိုးရထံမှ အာဏာသိမ်းယူပြီး အရေးပေါ်အခြေအနေ ကြေညာလိုက်ခြင်းသည် ယုံကြည်မှု တည်ဆောက်ခြင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဥ်အား ထိခိုက်စေပြီး ဒီမိုကရေစီနှင့်ဆန့်ကျင်သောကြောင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အနေဖြင့် ဤအာဏာသိမ်းခြင်းကို ကန့်ကွက်သည်။

၂။ RCSSသည် ဖက်ဒရယ်နှင့် ဒီမိုကရေစီအတွက် ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူတကွ ရပ်တည်၍ ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်နေသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဥ်တို့သည် ဤအာဏာသိမ်းခြင်းကြောင့် ရပ်ဆိုင်းသွားနိုင်သည်။

၄။ ထို့ကြောင့် အာဏာသိမ်းခြင်းအပြီး ဖြစ်ပေါ်လာသော နိုင်ငံရေး အကျပ်အတည်းကို ကျော်လွှားနိုင်ရေး အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးတို့က တွေ့ဆုံဆွေးနွေးညှိနှိုင်းကြပြီး ငြိမ်းချမ်းစွာ ဖြေရှင်းကြ ပါရန် တိုက်တွန်းသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ


ဆက်သွယ်ရန်

၁။ ဗိုလ်မှူး ခမ်းစံ +၆၆ ၈၀၈ ၇၉၄ ၀၅၃